ဝက်ချောင်းကျေးရွာ

ဝက်ချောင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ရောဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဝက်ချောင်းကျေးရွာ



Venn Diagram



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဝက်ချောင်းကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အေး	နေပူပြင်း	နေပူပြင်း	နေပူပြင်း	နေပူပြင်း	မိုးနည်း	မိုးများ	မိုးများ	မိုးနည်း	အအေးနည်း	အလွန်အေး	အလွန်အေး
အလုပ်အကိုင်	နည်း	များ	များ	နည်း	နည်း	များ	သင့်	နည်း	နည်း	များ	များ	သင့်
လက်လုပ်လက်စားမိသားစုများ ဝင်ငွေရရှိမှု (မရှိ/နည်း/များ)	နည်း	များ	များ	မရှိ	မရှိ	များ	များ	မရှိ	နည်း	များ	များ	နည်း
အသုံးစရိတ်	နည်း	နည်း	များ	များ	နည်း	များ	များ	နည်း	နည်း	များ	များ	များ
ချေးငွေ လိုအပ်မှု	မရှိ	မရှိ	ရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ	မရှိ	ရှိ	ရှိ	မရှိ
ဝမ်းစာ ဖူလုံမှု	များ	များ	များ	များ	များ	များ	များ	နည်း	နည်း	များ	များ	များ
သောက်သုံးရေ ရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရစ္ဆာန်အစာ ရရှိမှု	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
ကျန်းမာရေး အခြေအနေ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	များ	များ	မရှိ	မရှိ	မရှိ	မရှိ	မရှိ
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	များ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	များ
ပွဲတော်			တပေါင်းပွဲ	သင်္ကြန်ပွဲ			ဝါဆိုပွဲ				တန်ဆောင်တိုင်	
သဘာဝဘေးအန္တရာယ်							ရေကြီး					

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဝက်ချောင်းကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိသည်။ ကျေးရွာ၏ တောင်ဘက်တွင် ကျောင်းကုန်း–ကျုံပျော်ကားလမ်းမရှိပြီး အနောက်ဘက်တွင် ဒါးကချောင်းရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တိုက်နယ်ဆေးရုံ၊ အလယ်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းနှင့် ကျေးလက်ဆေးပေးခန်း ရှိပါသည်။ ဆေးခန်း၏ အရှေ့တောင်ဘက်တွင် အ.ထ.က (ခွဲ) ကျောင်းရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံး သည် ရွာ၏ အနောက်မြောက်ဘက် ဒါးကချောင်းဘေးတွင် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပါသည်။ ရွာ၏ မြောက်ဘက်တွင် ဒါးကချောင်း ရှိသောကြောင့် ကျောင်းကုန်းမှကျုံပျော်သို့ ရေလမ်းခရီးဖြင့်လည်းကောင်း၊ ရွာ၏တောင်ဘက်တွင် ကျောင်းကုန်းမှ ကျုံပျော်သို့ ကားလမ်းဖြင့် လည်းကောင်း သွားလာနိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုအားဖြင့် နှစ်စဉ် မိုးရေချိန်လက်မ(၈၀)မှ (၁၀၀)ထိ ခန့်ရရှိသည်။ မိုးတွင်းကာလ ဇွန်လတွင် စပါးစိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းလေ့ရှိပါသည်။ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းသီးနှံဖြစ်သော မတ်ပဲ၊ ဘိုကိတ်ပဲ၊ ပဲတီစိမ်းနှင့် မြေပဲများကို စိုက်ပျိုးကြပါသည်။ မတ်၊ ဧပြီ၊ မေ နွေရာသီကာလများတွင် ခနို၊ စပါး၊ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဇူလိုင်လတွင် မိုးများသောကြောင့် ရေကြီးလေ့ရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ရပ်ရွာအကျိုးကိစ္စများကို ဆောင်ရွက်သော ပရဟိတအဖွဲ့သည် လူငယ်လူရွယ်များနှင့် အဖွဲ့ဝင်ဦးရေအများဆုံး ဖွဲ့စည်းထားပါသည်။ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဦးစီးဦးဆောင်လုပ်သော ရပ်မိရပ်ဖအဖွဲ့ရှိပြီး ရပ်ရွာရှိနာရေးကိစ္စရပ်များအတွက် ကူညီပေးသော နာရေးကူညီမှုအသင်းလည်း ရှိပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျောင်းကော်မတီအဖွဲ့ ကိုလည်း ဖွဲ့စည်းထားပါသည်။ ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် ကျောင်းကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖွဲ့စည်းပေးထားသော ရဲကင်းရှိပြီး ရပ်ရွာ လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင် သာရေး နာရေး လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက်လျင် ရွာသားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့် ကောင်းများ ရှိပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် (Pact Myanmar)နှင့် (Good Brother) အဖွဲ့အစည်းများ ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပြီး စပါးစိုက်ပျိုးနိုင်သည့် ဧက (၂၁၈၁)ဧက ရှိသည့်အနက် (၇၃၄)ဧက သည် စားကျက်မြေများဖြစ်ပါသည်။ စပါးတစ်ဧကအထွက်နှုန်းမှာ (၈၅)တင်းမှ တင်း(၁၀၀)အတွင်း ထွက်ရှိပါသည်။ ဥယျာဉ်မြေမှာ (၁၀၇)ဧက ရှိပါသည်။ ရေမြှုပ်ဧရိယာ (၂၀၀)ဧကကျော် ရှိပြီး မိုးများသောနှစ်များတွင် ရေမြှုပ်လေ့ရှိပါသည်။ ဆောင်းသီးနှံစိုက်ဧကမှာ (၁၄၀၀)ကျော်ရှိပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ဘိုကိတ်ပဲတို့ကို စိုက်ပျိုးပါသည်။ ပဲစိုက်ချိန်တွင် ပိုးမွှားများကျရောက်လေ့ရှိပြီး စပါးစိုက်ပျိုးချိန်တွင်လည်း ပိုးမွှားအန္တရာယ်ကျရောက်ပြီး သီးနှံများ ပျက်စီးလေ့ရှိပါသည်။ ဆောင်းသီးနှံဖြစ်သော မတ်ပဲ၊ပဲတီစိမ်းအထွက်နှုန်းကောင်းအောင် တောင်သူများဂရုစိုက် လျှင် တစ်ဧကပဲထွက်နှုန်း (၁၈)တင်းမှ (၂၂) တင်းခန့်ထွက်ရှိပါသည်။ ဥယျာဉ်မြေများတွင် နနွင်း၊ ငှက်ပျော၊ ကွမ်းတို့ကို အဓိကစိုက်ပျိုးပါသည်။ တစ်နိုင်တစ်ပိုင်အနေဖြင့် ရာသီစားပင်များဖြစ်သော တိုင်ထောင်ပဲ၊ ခရမ်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ နံနံ၊ ဘူး၊ သခွား၊ ဖရုံစသည်တို့ကိုလည်း စိုက်ပျိုးကြသည်။

စိုက်ပျိုးရန်လိုအပ်သော စက်ကိရိယာများကိုကုမ္ပဏီမှလက်ငင်းစနစ်၊ အရစ်ကျစနစ်ဖြင့်ဝယ်ယူ အသုံးပြုလျက်ရှိပါသည်။ စက်ကိရိယာမရှိသော တောင်သူများမှ (၁)ဧကလျှင် (၁၀၀၀၀/-)နှုန်းဖြင့် ငှားရမ်းအသုံးပြုကြပါသည်။ ဝင်ငွေရရှိရန် စိုက်ပျိုးရေးသာမက မွေးမြူးရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်စားကြသော လုပ်သားများအတွက်တစ်နေ့လုပ်အားခမှာ ကျား (၅၀၀၀/-) ကျပ်၊မ(၃၀၀၀/-)ကျပ်နှုန်းဖြစ်ပါသည်။ စားဝတ်နေရေးမပြေလည်သော မိသားစုများမှာ မြို့ကြီးများသို့ သွားရောက်လုပ်ကိုင်ရခြင်း၊ အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရခြင်းများရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် အခြေခံအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်းရှိပြီး ကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူ များ သာမက အနီးပတ်ဝန်းကျင်မှ ကျောင်းသား၊ ကျောင်းသူများလည်း လာရောက် ပညာသင်ကြား ကြပါသည်။ အခြေခံအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းမြေဧရိယာမှာ (၂.၉၁)ဧက ရှိပါသည်။ ကျောင်း ဆောင်(၄)ဆောင် ရှိပြီး အလျား ပေ(၉၀)၊ အနံ ပေ(၃၀) နှစ်ဆောင်၊ အလျား ပေ(၈၀)၊ အနံပေ(၃၀) တစ်ဆောင်နှင့် အလျားပေ(၆၀)၊ အနံပေ(၃၀)တစ်ဆောင် ရှိပါသည်။ အဝေးမှလာရောက်နေထိုင်ကြသော ဆရာ၊ဆရာမများအတွက် နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ(၁) ဆောင်ရှိပါသည်။ အဆောင်တိုင်းတွင် လက်ဆေး ဘေစင်နှစ်ခုစီပါရှိပါသည်။ ကျောင်းဝန်းအတွင်း ရေစည်နှင့်ရေစင်နှစ်ခုလည်း ရှိပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်းလည်းရှိပါသည်။

ဝက်ချောင်းကျေးရွာနှင့် အစုကြီးကျေးရွာဆက်သွယ်သောလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် အခြားကျေးရွာအုပ်စုများမှ ကျန်းမာရေးအတွက်တိုက်နယ်ဆေးရုံသို့လာရောက်ကြသူတို့သည် မိုးတွင်းအခါတွင် လာရောက်ရန်ခက်ခဲ၍ ကြန့်ကြာမှုရှိပါသည်။ လူနာတင်ယာဉ်များသည် ကျောင်းကုန်း-ကျုံပျော်လမ်းမကြီးမှ တဆင့် ဝက်ချောင်းရွာအဝင်လမ်းတိုင်း မောင်းဝင်ရပါသည်။ နွေအခါတွင်လည်း လမ်းမညီညာသောကြောင့် အချိန်ကြန့်ကြာမှုရှိပါသည်။ ဝက်ချောင်း-အစုကြီးကျေးရွာချင်းဆက်လမ်းသည် တိုက်နယ်ဆေးရုံမှ ပေ(၅၀၀၀) ကျော်ခန့်သာ ရှိသော်လည်း ဝက်ချောင်းရွာထဲလမ်းမှပတ်ဝင်ရလျှင် (၂)မိုင်ကျော်ခန့်ပိုဝေးနေပါသည်။ ထိုသို့ လမ်းအကွာအဝေး ကွာဟချက်ရှိနေသောကြောင့် တိုက်နယ်ဆေးရုံသို့ ကျေးရွာအုပ်စုအသီးသီးမှ အရေးပေါ် လာရောက်ကြသော လူနာများ အချိန်နောက်ကျ၍ အသက်မဆုံးရှုံးသင့်ပဲ ဆုံးရှုံးခဲ့ရပေါင်း များစွာရှိခဲ့ရပါသည်။ သို့ပါသောကြောင့် ဆရာတော်လေးပါးဦးဆောင်မှုဖြင့် ပတ်ဝန်းကျင်ကျေးရွာအသီးသီးမှ ငွေအင်အား လှူဒါန်းခြင်း၊ ရွာခံပြည်သူများ၏ စုပေါင်းလုပ်အား၊ ငွေအင်အားလှူဒါန်းခြင်းဖြင့် ကွန်ကရစ်လမ်းကို ဆေးရုံရှေ့မှ ပေ(၃၀၀၀) ခန့် မေလကုန်တွင် အပြီးဆောင်ရွက်ခဲ့ပါသည်။

လျှပ်စစ်မီးနှင့်ပတ်သက်၍ ၂၀၁၆ခု ဇွန်လကုန်တွင် ကိုယ်ထူကိုယ်ထဆောင်ရွက်ပြီးစီးခဲ့ပါသည်။ မိတာအလုံးရေ (၁၂၇)လုံးရှိပြီး မီးရရှိမှု အဆင်ပြေပါသည်။ မီးမသုံးစွဲနိုင်သေးသူများလည်း ရှိသေးပါသည်။ မိတာစောင့်ရှောက်ထိန်းသိမ်းမှု၊ မိတာကောက်ခံမှုများလည်း အဆင်ပြေပါသည်။ လူငယ်များ၏အင်အား၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးသောင်းမြင့်၏ဦးဆောင်မှုဖြင့် ကျေးရွာအတွင်း မီးသင်္ကြိုလ်စက်ကိုလည်း ဆောင်ရွက်ထားလျက်ရှိပါသည်။ ကျေးရွာတွင်ဘဝတက္ကသိုလ် စာကြည့်တိုက်နှင့် ကျောင်းတွင်း စာကြည့်တိုက်များ လည်းရှိပါသည်။ ထိုစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများ ၏ အသိအလိမ္မာ တိုးပွားစေပါသည်။ ကျေးရွာအတွင်းတွင် အုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် ရဲကင်းလည်း ရှိပါသည်။

ကျေးရွာတွင် ဆက်သွယ်ရေး ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာလူထုသည်စီးပွားရေး၊ လူမှုရေး၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို ဖုန်း၊ အင်တာနက် ချိတ်ဆက်မှုတို့မှတဆင့် ရရှိသဖြင့် ဗဟုသုတများစွာ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပြင်ပအဖွဲ့အစည်းများဖြစ်သော ပက်(ခ်)၊ ပြည့်မဟာတို့မှလည်း ငွေကြေးဝန်ဆောင်မှုအနေဖြင့် အရစ် ကျငွေထုတ်ပေးချေစနစ်ဖြင့် ထုတ်ချေးပေးပါသည်။ တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀/-)ကျပ်၊ ဆောင်းသီးနှံအတွက် တစ်ဧကလျှင်(၅၀၀၀/-)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝက်တစ်ကောင်လျှင်(၅၀၀၀/-) ကျပ်နှုန်းဖြင့် အတိုးမရှိ (၁၀)လ ထုတ် ချေးပေးပါသည်။

(ငါ) ပညာရေး

ကျေးရွာ၏ အခြေခံအထက်တန်းကျောင်း(ခွဲ)တွင် သင်ကြားပေးနေသော ဆရာ/မ အင်အားမှာ မူလတန်းပြ(၅)ယောက်၊ အလယ်တန်းပြ(၇) ယောက်၊ အထက်တန်းပြ(၆)ယောက်၊ ကျောင်းအုပ်(၁) ယောက်၊ ရုံးအကူ(၂)ယောက်၊ အောက်ခြေဝန်ထမ်း(၂)ယောက်နှင့် ကျောင်းသားအင်အားများမှာ မူလတန်း(၁၅၃) ယောက်၊ အလယ်တန်း(၁၃၆) ယောက်၊ အထက်တန်း(၅၈) ယောက်အသီးသီးရှိပါသည်။ တက္ကသိုလ်ဝန်ထမ်း အောင်ချက်နှုန်းမှာ ၂၀၁၆-၂၀၁၇တွင်(၃၃.၃၃%)၊၂၀၁၇-၂၀၁၈ တွင်(၄၇.၀၅%)ဖြစ်ပါသည်။ အောင်ချက်ရာနှုန်း တက်လာသည်နှင့်အမျှ အလယ်တန်း၊ အထက်တန်းကျောင်းသားဦးရေ တစ်နှစ်ပြီးတစ်နှစ်တိုးလာခြင်းကြောင့် စာသင်ဆောင်များ၊ စာရေးခုံများ၊ ဆရာ/ဆရာမများနှင့် ဝန်ထမ်းအိမ်ရာစသည်တို့မှာ လိုအပ်မှုများ ရှိလာပါသည်။ ကျောင်းသား/ကျောင်းသူများ၏ အားကစားပစ္စည်းများမှာလည်း အသင့်အတင့်ရှိပါသည်။ ဘောလုံးကွင်းရှိပြီး အသင်းလိုက်ဘောလုံးပြိုင်ပွဲများ ပြုလုပ်ခြင်း၊ လွတ်လပ်ရေးနေ့တွင် အားကစားပြိုင်ပွဲ၊ ဟာပြောပွဲများ ကျင်းပခြင်းနှင့်အခြားနေ့ထူးနေ့မြတ်များတွင်လည်း ဟာပြောပွဲများ ပြုလုပ်ကာ ကလေးများအား အသိပညာပေးပါသည်။ K.G မှ Grade – 5 အထိ ကျောင်းသားဦးရေ(၁၂၀)ခန့်မှာ ကျေးရွာဘုန်းကြီးကျောင်းရှိ ဓမ္မစကူးလ်ကျောင်းကိုလည်း တက်ရောက်ကြပါသည်။

(စ) ကျန်းမာရေး

ကျေးလက်ကျန်းမာရေးဌာနမှ ဆေးမှူး၊သူနာပြု၊ သားဖွား၊ ကြီးကြပ်(၂) နှင့်ကျန်ဝန်ထမ်းများသည် ရာသီအလိုက် ဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေး ဟာပြောပွဲများပြုလုပ်ပေးခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးပါသည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေးများကို အိမ်တိုင်ရာရောက်လိုက်လံ တိုက်ကျွေးပေးပါသည်။ ကလေးများအတွက် ဝက်သက်ရောဂါနှင့် အခြားလိုအပ်သော ကာကွယ်ဆေးများ ကိုလည်း ထိုးပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သဘာဝဘေးန္တရာယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍မိုးရာသီတွင် လေတိုက်ခက်မှု အနည်း အငယ်ရှိပါသည်။ ရေကြီးချိန်တွင် ရေလျှံ၊ ရေလွှမ်းမိုးမှုကြောင့်လယ်ကေအနည်းငယ် ပျက်စီးဆုံးရှုံးမှုရှိပါ သည်။ ဒါးကချောင်းရေသည် မိုးရာသီ၌ရေများပြီး မြစ်ကြောင်းတစ်လျှောက် လှေသင်္ဘောများဖြင့် ကျောင်းကုန်းမှ ကျုံပျော်သို့အလွယ်တကူသွားလာနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးန္တရာယ်ကာကွယ် ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ဟောပြောပွဲများကို မြို့နယ်ရဲအရာရှိများ ကိုယ်တိုင်လာရောက်၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလေ့ရှိသည်။

(၈) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျားမရေးရာတွင်လည်း အကြမ်းဖက်မှု၊ လူကုန်ကူးမှုများမရှိပါ။ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်လည်း အမျိုးသားများသာမက အမျိုးသမီး များလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ အရံသား ဖွား စသည့်အဖွဲ့အစည်းများလည်း ရှိပါသည်။ ကျေးရွာတွင် ကဆုန်လပြည့်နေ့မှ အသက်(၇၀)ကျော် အဘိုးအ ဖွားများအား ပူဇော်ကန်တော့ပွဲပြုလုပ်ကာ အိမ်အရောက်အပို့အကြိုများ ပြုလုပ်ပေးပါသည်။ လူမှုရေး အသင်းအဖွဲ့များမှ ရွာဦးဘုန်းကြီးကျောင်းရှိ ဘုရားတွင် ရေသပ္ပယ်ခြင်း၊ ညောင်ရေသွန်းပွဲပြုလုပ်ခြင်း၊ ဘုန်းတော်ကြီးများပင့်ကာ တရားနာခြင်း၊ အကျွေးအမွေးများဖြင့် ဧည့်ခံခြင်းများ ပြုလုပ်ကာ လူငယ်လူရွယ်များ၏ အင်အားဖြင့်စည်းကားလျက်ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	တိုက်နယ်ဆေးရုံအဝင်လမ်း အဆင့်မြှင့်တင်ခြင်း စီမံချက်	၁
၂	ပညာရေး	စာသင်ဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်း စီမံချက်	၂
၃	ပညာရေး	ဝန်ထမ်းအိမ်ယာများ ထပ်မံ တိုးချဲ့ဆောက်လုပ်ခြင်း စီမံချက်	၃
၄	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်း စီမံချက်	၄
၅	စိုက်ပျိုးရေး	မျိုးကောင်းမျိုးသန့်ရရှိရေး စီမံချက်	၅
၆	စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်း	အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း စီမံချက်	၆

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဝက်ချောင်းကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာ ၎ယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်း၎စ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – သီးနှံ					
• စပါးမျိုးကောင်း လိုအပ်ခြင်း • စပါးရောင်းလျှင် ငွေ လက်ငင်းမရခြင်း၊ ရေမြေပ်စပါးခင်း ပျက် စီးခြင်း၊ မတ်ပဲစျေး မကောင်း၊မျိုးကော င်း လိုအပ်ခြင်း	• စျေးကွက်ဝယ်လိုအာ ား မရရှိခြင်း • စပါးစက်များမှ ဝယ်ယူ သော်လည်း ဆန်ကြိတ် ပြီး၊ ရောင်းချပြီးမှ ငွေပေးချေခြင်း	• လယ်ယာမြေကောင်းများ ရှိခြင်း	• စပါး၊ ပဲ မျိုးကောင်း များ ထုတ်လုပ် ရောင်း ချသူများ ဒေသအတွင်း မရှိခြင်း • နိုင်ငံတော်မှ စပါးစိုက် ပျိုးသူများအတွက် ဝယ်ယူရေး ဆောင်ရွက် မပေးခြင်း	• စိုက်ပျိုးရေးဦးစီးဌာနသို့ စပါးမျိုးကောင်း၊ ရရှိရေး တင်ပြခြင်း	• စပါးမျိုးကောင်းများ လုံ လောက်စွာရရှိရေး စီမံ ချက် • မတ်ပဲ မျိုးကောင်းများ ရရှိရေး စီမံချက်
ကဏ္ဍ – အခြေခံအဆောက်အဦ					

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဝက်ချောင်းကျေးရွာ

• မိုးရာသီတွင် ရွာတွင်း လမ်းများသွားလာ ရန် ခက်ခဲခြင်း	• ကျောက်ကြမ်းလမ်း ဖြစ် သဖြင့် သွားလာရ ခက်ခဲ ခြင်း	• ကျေးရွာလူထုမှ ရွာတွင်းလမ်း အဆင့်မြှင့်တင်ရန် စိတ်ဆန္ဒ ရှိ ခြင်း	• ရွာတွင်းလမ်း အဆင့် မြှင့်တင်ရန် ကုန်ကျ စရိတ် မတတ်နိုင်ခြင်း	• ကျေးရွာလုပ်အား၊ ငွေအား စုဆောင်းခြင်း	• ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်း စီမံချက်
ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
• ကွန်ကရစ်လမ်းအာ ား ပြီးဆုံးအောင် မခင်း နိုင်သေးခြင်း	• ကွန်ကရစ်လမ်းတစ် ဝက် ၊ မြေသားလမ်းတစ်ဝ က် ဖြစ်ခြင်း	• ကျေးရွာလူထုမှ လမ်းအဆင့် မြှင့်တင်ရန် ဆန္ဒပြင်းပြခြင်း	• ကုန်ကျစရိတ် တတ်နိုင် မှု မရှိတော့ခြင်း	• သက်ဆိုင်ရာဦးစီးဌာန သို့ တင်ပြခြင်း • ကျေးရွာမှ လုပ်အား၊ ငွေအား စုဆောင်း ပေးနိုင်ခြင်း	• တိုက်နယ်ဆေးရုံအဝ င်လမ်း အဆင့်မြှင့်တင် ရေး စီမံချက်
ကဏ္ဍ – ပညာရေး					

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဝက်ချောင်းကျေးရွာ

• စာသင်ဆောင်လုံလောက်မှု မရှိခြင်း	• အောင်ချက်ရာနှုန်းတက်လာခြင်း၊ ကျောင်းသားဦးရေတိုးပွားလာခြင်း	• ကျောင်း၏ စာသင်ဆောင်များ ဆောက်လုပ်ရန် မြေနေရာရရှိ ခြင်း • ဆောက်လုပ်ရေးကို လုပ်အား ဒါနပြုနိုင်သည့် လက်သမား၊ ပန်းရံ ဆောက်လုပ်ရေးသမားများ မရှိခြင်း	• ကုန်ကျစရိတ် တတ်နိုင် မှုမရှိခြင်း	• သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း	• စာသင်ဆောင်များ ထပ်မံ တိုးချဲ့ရေး စီမံချက်
ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
• ဝန်ထမ်းဆောင်လုံလောက်မှု မရှိခြင်း	• အဝေးမှလာသော ပညာရေးဝန်ထမ်းများအတွက် ဝန်ထမ်းဆောင် မရှိခြင်း	• ဆောက်လုပ်ရန် မြေနေရာ အဆင်သင့်ရှိခြင်း • လုပ်အားဒါနပြုနိုင်သူများ ရှိခြင်း	• ကုန်ကျစရိတ် တတ်နိုင် မှုမရှိခြင်း	• သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြခြင်း	• ဝန်ထမ်းအိမ်ယာ ထပ်မံ ဆောက်လုပ်ရန်
ကဏ္ဍ – စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ					

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဝက်ချောင်းကျေးရွာ

• စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ လွဲ၍အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်လို စိတ်နှင့် အတတ်ပညာ နည်းပါးခြင်း	မိရိုးဖလာ လယ်ယာလုပ်ငန်းနှင့်သာ အသက်မွေးဝမ်းကျောင်း ပြုသူများ ခြင်း	• လက်သမား၊ ပန်းရံလုပ်ငန်း တတ်မြောက်သူ အသင့် အတင့် ရှိခြင်း	• အသက်မွေးဝမ်းကျောင်းအတွက် ပညာတိုးတက်ရေး အတွက် အစီအစဉ်များ မရှိခြင်း • အသေးစား စီးပွားရေး လုပ်ငန်းများ တည်ထောင် နိုင်ရေးအတွက် အသိအမြင်များ မရှိခြင်း	• အသက်မွေးဝမ်းကျောင်း အတတ်ပညာ တိုးတက် ရေးအတွက် အကူအညီ ပေးမည့် အစီအစဉ်များ ရှာဖွေခြင်း • အသေးစား စီးပွားရေး လုပ်ငန်းလုပ်ကိုင်နိုင်ရန် အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးရေးအတွက် အကူအညီရရှိရန် မြို့နယ်အဖွဲ့ အစည်းများသို့ တင်ပြခြင်း	• အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်း များဖွင့်လှစ်ပေးခြင်း စီမံချက်

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၉	၇	၂၆
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၇	၃၁	၅၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၃၃	၇၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၈	၃၁	၆၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၅	၃၇၂	၆၉၇
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၄	၃၂	၅၆
စုစုပေါင်း		**၄၇၀**	**၅၀၆**	**၉၇၆**
စုစုပေါင်း အိမ်ထောင်စု		၂၃၁		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေးဆိုင်ရာအချက်အလက်အရ ကျားမအချိုးကွာဟမှု နည်းပါးပါသည်။ မြန်မာနိုင်ငံပျမ်းမျှလူဦးရေအောက်လျော့နည်းနေပါသည်။ (၁)နှစ်အောက် ကလေးငယ် အနည်းငယ်သာရှိပါသည်။ ကျောင်းတက်နိုင်သောအသက်အရွယ်ရှိသူများသည် ကျေးရွာရှိအထက်တန်း ကျောင်းတွင် ပညာသင်ကြားနေကြပါသည်။ ကလေးမွေးဖွားနှုန်းအသင့်အတင့်သာရှိပါသည်။ အလုပ်လုပ် နိုင်သော အရွယ်များပြားပါသည်။ (၆၀)နှင့်အထက် အရွယ်များရှိနေသောကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက် မှုအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရန် လိုအပ်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်)
လယ်မြေ	၃၉၂.၂၆	သင့်	ရ	မြေအောက်ရေ၊ ချောင်းရေ
ယာမြေ	၉	သင့်	ရ	မြေအောက်ရေ၊ ချောင်းရေ
ဥယျာဉ်ခြံမြေ	၂၆.၈၄	သင့်	ရ	မြေအောက်ရေ၊ ချောင်းရေ
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၄၂၈.၁	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ လယ်မြေများတွင် မိုးရာသီ၌ ဧကပြည့်မှီအောင် စိုက်ပျိုးနိုင်ကြပြီး ဥယျာဉ်ခြံစိုက်ပျိုးသည်များလည်းရှိပါသည်။ နွေစိုက်ဧကများစွာရှိနေပါသည်။ မိုးစပါး စိုက်ပျိုးပြီးချိန်တွင် ပဲကို ဆက်လက်စိုက်ပျိုးကြပါသည်။ ခြံများအတွက် အဓိကရေအရင်းအမြစ်မှာ မြေအောက်ရေနှင့် ချောင်းရေတို့ ဖြစ်ကြပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း	လွယ်
အပင်မျိုးစိတ်များ (လူ့တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	နည်း	လွယ်
ပျှမ်းမျှအပူချိန် - (၂၆.C - ၃၂.C)	ပျှမ်းမျှ မိုးရေချိန် - (၈၀) လက်မ မှ (၁၀၀)လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဓါတ်သတ္တုထွက်ရှိမှုမရှိပါ။ ကျေးရွာပတ်ဝန်းကျင် တွင် သဘာဝအတိုင်းပေါက်ရောက်နေကြသော ဆေးဘက်ဝင်အ၅ပင် အနည်းအကျဉ်း ရှိပါသည်။ မြွေ၊ ဖား၊ ကင်းလိပ်ချော၊ ငှက် စသော သဘာဝတိရိစ္ဆာန်မျိုးစိတ်များကိုလည်း အလွယ်တကူတွေ့ရှိရပါသည်။ ပျှမ်းမျှအပူချိန် (၂၆.C -

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၃၂.၈) ခန့်ရှိပြီး ပျမ်းမျ မိုးရေချိန်(၈၀) လက်မ မှ (၁၀၀)လက်မ ခန့်ထိရရှိပါသည်။ ရာသီဥတုအသင့်တင့်ရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ပရဟိတ အဖွဲ့	၁□ ၂□Â ၃□ Â	ပညာရေး □ Â ငွေကြေး □ ကျန်းမာရေး □ Â ဘာသာရေး □ Â စိုက်ပျိုးမွေးမြူရေး □ Â သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၂	မိခင်နှင့် ကလေး	၁□ ၂□ Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည် သင့်ပါသည်။
၃	ကျေးရွာ မီးလင်းရေး ကော်မတီ	၁□ ၂□ Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၄	လမ်းကော်မတီ	၁□ ၂□ Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၅	ရပ်မိရပ်ဖ အဖွဲ့	၁□ ၂□ Â ၃□	ပညာရေး □ Â ငွေကြေး □ ကျန်းမာရေး □ Â ဘာသာရေး □ Â စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ Â လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၆	နာရေးကူညီမှု အသင်း	၁□ ၂□ Â ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ Â ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □	စွမ်းဆောင်ရည် သင့်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ Â လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအတွင်းတွင် အဖွဲ့အစည်း (၆)ဖွဲ့ရှိပြီး ပရဟိတအဖွဲ့သည် လုပ်ငန်းဖော်ဆောင်မှုအားအကောင်းဆုံးဖြစ်ပါသည်။ ကိုယ်ထူကိုယ်ထနှင့် ဖွဲ့စည်းထားသော နာရေးကူညီမှုအသင်းသည် ရပ်ရွာအတွင်းရှိ နာရေးကိစ္စရပ်များတွင် အားတက်သရော ကူညီပေးနေပါသည်။ ကျေးရွာအတွင်း အဖွဲ့အစည်းများ၏ ချိတ်ဆက်ဆောင်ရွက်မှု အနည်းငယ်အားနည်းသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ လူငယ်လူရွယ်များသည် ရပ်ရွာဖွံ့ဖြိုးရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် စည်းစည်းလုံးလုံးနှင့် အားတက်သရော ပူးပေါင်းဆောင်ရွက်ကြပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်(၃၂)ဧကမှ (၁၅)ဧကထိ	လယ် (၁၅)ဧကမှ (၅)ဧကထိ	လယ် (၅)ဧကမှ (၁)ဧကထိ	မြေယာမဲ့
အိမ်အခြေအနေ	တိုက်ခံသွပ်မိုး	ပျဉ်ထောင်သွပ်မိုး	ဝါးအိမ်သွပ်မိုး	ဝါးကြမ်းခင်းဓနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆန်စက်၊ ထွန်စက်	ထော်လာဂျီ လက်တွန်း	ဆိုင်ကယ်၊နွား	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ ကုန်စုံဆိုင်	လယ်၊ ဈေးရောင်း	လက်သမား၊ ပန်းရံ၊ ကယ်ရီ	လက်လုပ်လက်စား၊ ကျပန်း
အိမ်ထောင်စု	၁၀	၃၉	၈၄	၉၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာ၏ (၄.၃၂%)သည်ချမ်းသာအဆင့်၊ (၁၆.၈၈%)သည် အလယ်အလတ်အဆင့်၊ (၃၆.၃၆%)သည် ဆင်းရဲအဆင့်နှင့် (၄၂.၄၄%)အဆင့်သည် အလွန်ဆင်းရဲအဆင့်အဖြစ်ခံယူကြပါသည်။ စီးပွားရေးအဆင့်မှာ အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆၇	၇၂.၂၉ %	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၁၅	၆.၄၉%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၂၀	၈.၆၅%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၁၉	၈.၂၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁၀	၄.၃၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၃၁	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။.....

.....

.....

.....

.....

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
မိုးစပါး	၃၉၂	တင်း	၅၀	၉၀	၇၅	သင့်
ပဲ	၄၂၇	တင်း	၆	၁၂	၈	နည်း
နနွင်း	၆၁၀	တင်း	၁၀၀	၂၀၀	၁၅၀	များ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးစိုက်ပျိုးဧကများကို စိုက်ပျိုးကြရာတွင် နိုင်ငံတော်၏ သတ်မှတ်ချက် ပျမ်းမျှ အထွက်နှုန်းကို ရရှိရန်လိုအပ်ပါသည်။ နည်းပညာလိုအပ်မှုနှင့် မျိုးကောင်းမျိုးသန့်လိုအပ်ချက်ကြောင့် အထွက်နှုန်းလျော့နည်းစေပါသည်။ နနွင်းစိုက်ပျိုးမှု များပြားတိုးတက်လာပြီး စနစ်တကျစိုက်ပျိုးနည်းပညာ သိရှိပါက အကျိုးအမြတ်ပိုမိုရရှိလာမည်ဖြစ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁	၂
နို့စားနွား	၁	၂
ကျွဲ	-	-
မြင်း	၂	၂
မြည်း	-	-
လား	-	-
ဆိတ်	-	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
သိုး	-	-
ဝက်	၅၉	၉၆
ကြက်	၈၀	၅၃၀
ဘဲ	၁၃	၈၇
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	၁	၁ ဧက
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် ဒေသမျိုးရင်း ကြက်၊ ဝက်၊ နွား၊ ဘဲတို့ကို အများဆုံးမွေးမြူ ကြပါသည်။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်လုပ်ကိုင်သော အိမ်ထောင်စု(၁)စုရှိပါသည်။ မြစ်ချောင်းနံဘေး တွင်ရှိသော ကျေးရွာဖြစ်သဖြင့် ရေချိုငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်နိုင်သော ကျေးရွာဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများပြားပါသည်။

၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	၃	၅	၅	လတ်
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၁၂	၁၇	၁၇	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၄	၅	၅	လတ်

၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၉	၉	၉	လတ်
၇	လက်လီ–လက်ကား ရောင်းဝယ်ရေး	၄၀	၅၇	၅၇	လတ်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၁၁	၁၄	၁၄	လတ်
၁၃	ကျန်းမာရေး	၉	၁၀	၁၀	လတ်
၁၄	လူမှုရေး လုပ်ငန်းများ	၁	၁	၁	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၁၁၈				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လက်လီလက်ကားရောင်းဝယ်သောအိမ်ထောင်စုအများအပြားရှိပြီး အိမ်တွင်း ထုတ်ကုန် လုပ်ငန်း လုပ်ကိုင်သူများလည်းရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်သော ဦးရေများပြားပါသည်။ ဝန်ထမ်းအနည်းငယ်ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျောင်းကုန်း	ရန်ကုန်
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် □ ၁ မှ ၅ မိုင် □ ၅ မှ ၁၀ မိုင်□ Â ၁၀ မှ ၁၅ မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၃၀ မိုင် □ ၃၀ မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ Â ၁၀၀မိုင်အထက်□
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်□Â စက်ဘီး□Â ဆိုင်ကယ် □Â ကား/ထော်လာဂျီ □Â ရထား □ သုံးဘီးဆိုင်ကယ် □ Â လှေ□ Â စက်လှေ □ Â	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် □ ကား/ထော်လာဂျီ □ Â ရထား □ သုံးဘီးဆိုင်ကယ်□ လှေ □ စက်လှေ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လှေလာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဒေသထွက်ကုန်အများစုကို အနီးဆုံးဈေးကွက်ဖြစ်သော ကျောင်းကုန်းဈေးသို့ ပို့ဆောင်ရောင်းချကြပြီး ကုန်သည်၊ ပွဲစားများဖြင့်လည်း ရောင်းဝယ်ဖောက်ကား ကြပါသည်။ အခြားရွာများသို့ဆက်သွယ်ရေးလမ်းများနှင့် ရေလမ်းကြောင်းရှိနေခြင်းကြောင့် ပတ်ဝန်းကျင် ဒေသများနှင့် နှိုင်းယှဉ်လျှင် ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်တက်လာနိုင်ပါသည်။ ကျေးရွာတွင် ထုတ်ကုန်များ ထုတ်လုပ်ပြီး ဈေးကွက်သို့ တင်ပို့နိုင်ရန် ကောင်းမွန်သောအခွင့်အရေးများ ရှိပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□ Â ၂□Â ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □Â	ပွင့်လင်း ရာသီ□ တစ်နှစ်ပတ်လုံး□ Â	၀-၁ မိုင် □Â ၁-၅ မိုင် □ ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ Â ၂□Â ၃□ ၄□ ၅□	ကောင်း□ သင့် □Â ညံ့ □	ပွင့်လင်း ရာသီ□ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာချင်းဆက်လမ်း	၁□ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ Âညံ့ □	ပွင့်လင်း ရာသီ □Â တစ်နှစ်ပတ်လုံး□ Â	၀-၁ မိုင် □ ၁-၅ မိုင် □Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိလမ်းများသည် သွားလာရအဆင်ပြေသော်လည်း ကျေးရွာ၏ တိုးတက်လာမှုကြောင့် ကားနှင့် အခြားမော်တော်ယာဉ်များ သွားလာမှုကြောင့် မိုးရာသီတွင် ပျက်စီးမှုများပြား ပါသည်။ ချဉ်းကပ်လမ်းမှာ ကိုယ်ထူကိုယ်ထဖြင့် ကွန်ကရစ်ခင်းနေသည်မှာ တဝက်သာပြီးစီးသေးသဖြင့် ကျန်တဝက်ပြီးစီးသွားပါက ကျေးရွာ၏ လူမှုစီးပွားသာမက အခြားကျေးရွာများမှ ဆေးရုံသို့လာရောက်ကြသော လူနာများ ကျောင်းလာတက်ကြသော ကျောင်းသား/သူများ အတွက်ပါ အဆင်ပြေလာမည်ဖြစ်ပါသည်။ ရွာအလယ် ဆေးရုံရှေ့မှ ဖြတ်၍ ကျောင်းကုန်း-ကျုံပျော်ကားလမ်းမသို့လမ်းရှိနေသောကြောင့် အဆိုပါလမ်းမှာ အဓိကအရေးပါသော လမ်းဖြစ်နေပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ Â ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ □ Â တစ်နှစ်ပတ်လုံး □ Â
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
	၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □Â	

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ကျုံပျော်သို့ရေလမ်းဖြင့် တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။ ကုန်းလမ်းရော ရေလမ်းနှင့်ပါ ကုန်စည်များသယ်ပို့၍ ရောင်းဝယ်ဖောက်ကားလျက်ရှိပါသည်။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၄	-	၁၂၃	၁၃၇	-	၄၂	၃	-	၁

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ လှေ၊ သမ္ဘာန်အသုံးပြုသူ အနည်းငယ်ရှိပါသည်။ စက်ဘီးများကို ကျောင်းတက်ရာ တွင် အသုံးပြုမှုများပြားပါသည်။ ဆိုင်ကယ်များရှိသည့်အတွက် မြို့သို့သွားလာရာတွင် အဆင်ပြေ လွယ်ကူပါသည်။ ထော်လာကျီများကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အဓိကထား၍ အသုံးပြု ကြပါသည်။ ကားအနည်းငယ်ရှိပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၆၃
ဆိုလာစနစ်	၃၃
အသေးစားရေအားလျှပ်စစ်	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ရင်းမြစ်	အိမ်ထောင်စု
ဒီဇယ်သုံးအင်ဂျင်	၂
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၅၄
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၇၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းထားပြီး အသုံးပြုနေသော အိမ်ထောင်စုများ ရှိပါသည်။ ကုန်ကျစရိတ်ထည့်ဝင်ရန် မလုံလောက်တော့သဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးမှာ ပြီးဆုံးသည် အထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ လျှပ်စစ်မီးရရှိလျှင် ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် ပြီးစီးအောင်ဆောင်ရွက်လိုသော ဆန္ဒများရှိနေကြပါသည်။ ဆိုလာအသုံးပြုသောအိမ်ထောင်စုအချို့ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်ထောင်စုများလည်း ရှိနေပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၉၆	၄၆	၁၃၄

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုများမှာ ဖုန်းအသုံးပြုနိုင်မှုကြောင့် ဆက်သွယ်ရေးမှာကောင်းမွန် ပါသည်။ တီဗွီကို အိမ်ထောင်စုအများစုမှာ အသုံးပြုကြပါသည်။ စလောင်းအသုံးပြုမှုမှာ အသင့်အတင့် ရှိပါသည်။ ဖုန်းဖြင့်အင်တာနက်အသုံးပြုမှုများပြားလာသဖြင့် ပညာရေး၊ ကျန်းမာရေး၊ ရာသီဥတုသတင်း အချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိနေရသဖြင့် အကျိုးကျေးဇူးများစွာရှိနေပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၄၅	၃၈	၈၃
အလယ်တန်း	၂၇	၂၂	၄၉
အထက်တန်း	၁၂	၁၁	၂၃
တက္ကသိုလ်/ကောလိပ်	၆	၁၆	၂၂

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ဝက်ချောင်းကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ)ရှိသောကြောင့် ကျေးရွာရှိ ကျောင်းသား/သူ များအတွက် ပညာသင်ကြားရေးတွင် အဆင်ပြေပါသည်။ ကျေးရွာတွင်းရှိ ကျောင်းသား/သူ များသာမက အနီးပတ်ဝန်းကျင်မှ ကျောင်းသား/သူများလည်း လာရောက်ပညာသင်ကြားလျက်ရှိနေပါသည်။ အထက်တန်းပညာပြီးဆုံးသူ အတွင့်အသင့်ရှိပြီး တက္ကသိုလ်တက်နေသူအနည်းငယ်ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ Â အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ Â ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အကြောင်းအရာ	(၁)			(၂)			(၃)		
							၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☐Â စက်ဘီး ☐Â ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ Â စက်ဘီး ☐ Â ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*							၈၀' x ၃၀= ၂၄၀၀' ၆၀' x ၃၀'= ၁၈၀၀' ၉၀' x ၃၀= ၂၇၀၀' ၉၀' x ၃၀= ၂၇၀၀'		
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐Â ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐Â			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ Â		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☐Â ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ Â ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☐ Â တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှုမရှိပါ ☐ Â		
၈။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်							၃	၁၅	၁၈
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းရှိပါသည်။ တက္ကသိုလ်ဝန်ထမ်း အောင်ချက်နှုန်းမှာ ၂၀၁၆-၂၀၁၇တွင်(၃၃.၃၃%)၊၂၀၁၇-၂၀၁၈ တွင်(၄၇.၀၅%)ဖြစ်ပါသည်။ ကျောင်းသား အင်အားတိုးများလာသည်နှင့်အမျှ ကျောင်းသုံးပရိဘောဂများမှာ ကျောင်းသားအရေ အတွက်နှင့် နှိုင်းယှဉ်လျှင် လိုအပ်ချက်များရှိနေပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပုံနှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောက	မြင့်□	နိမ့်□	မရှိ□ Â
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်□ Â	မရှိ□
၃	ငှက်ဖျား	မြင့်□	နိမ့်□	မရှိ□Â
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□ Â	မရှိ□
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□ Â	မရှိ□
၆	တီဘီ	မြင့်□	နိမ့်□Â	မရှိ□
၇	ဆီးချို	မြင့်□ Â	နိမ့်□	မရှိ□
၈	သွေးတိုး	မြင့်□ Â	နိမ့်□	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□Â	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□ မရှိ□Â	နိမ့်□	
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်□ Â	မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံ့မှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံ့မှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ	Â	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	Â	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရ ပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ မေးခိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ရှိသည်ဟုသိသိချင်း(၁)ကြိမ်၊ တစ်လခြား (၁)ကြိမ် စုစုပေါင်း (၂)ကြိမ် ထိုးရပါမည်။ ဝက်သက်ရောဂါကာကွယ်ဆေးကို ကလေးအသက်(၉)လတွင် ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေးထိုးရပါမည်။ အခြားကာကွယ်ဆေးထိုးနှံမှုများလည်းရှိပါသည်။ ကျန်းမာရေးနှင့် ပက်သက်၍ အသိဗဟုသုတများစွာရှိကြပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ Â ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐Â မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ Â ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐Â မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ Â ၁၀ မိုင်အထက် ☐	ရှိ ☐Â မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တိုက်နယ်ဆေးရုံရှိပြီး ပတ်ဝန်းကျင်ကျေးရွာများမှာလည်း အားထား ကြရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၁၆	ကောင်း□ သင့်□Â ညံ့□	မိုး၊ ဆောင်း
အဝီစိတွင်း/ စက်တပ်	၆၃	ကောင်း□ သင့်□Â ညံ့□	မိုး၊ ဆောင်း၊ နွေ
အဝီစိတွင်း/ တုံကင်	၁၅၃	ကောင်း□ သင့်□Â ညံ့□	မိုး၊ ဆောင်း၊ နွေ
မိုးရေ သိုလှောင်ကန်	-	ကောင်း□ သင့်□ ညံ့□	-
မြစ်/ချောင်းရေ	-	ကောင်း□ သင့်□ ညံ့□	-
ရေကန်	-	ကောင်း□ သင့်□ ညံ့□	-
စိမ့်စမ်းရေ	-	ကောင်း□ သင့်□ ညံ့□	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြေမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း၊ ရေတုံကင်၊ စက်တပ်အဝီစိတွင်းများမှ သောက်သုံးရေကို တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိနေပါသည်။ ရေတွင်းအချို့သာ နွေအခါတွင် ရေအမှတ် ကျသွားသည်များ ရှိသော်လည်း ရေရှားပါးပြတ်လပ်သည်အထိ မရှိခဲ့ပါ။ ရေကောင်းရေသန့်ရရှိသောကြောင့် ကျန်းမာရေးနှင့် အထူးညီညွတ်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၂၃၁

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	သုံးစွဲနိုင်သော အိမ်ထောင်စု
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ယင်လုံအိမ်သာကို အိမ်ထောင်စုအားလုံးအသုံးပြုကြပါသည်။ ယင်လုံအိမ်သာအသုံး ပြုမှုကြောင့် ကျေးရွာထဲတွင် ယင်ကြောင့်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများဖြစ်ပွားမှု အလွန် နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိ
၃	ရေကြီးခြင်း	ရှိ
၄	မိုးခေါင်ခြင်း	မရှိ
၅	အအေးလွန်ကဲခြင်း	မရှိ
၆	မုန်တိုင်း	မရှိ
၇	ငလျင်	မရှိ
၈	မီးဘေး	မရှိ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	၄က်ဖျားရောဂါ	မရှိ
၁၃	တီဘီရောဂါ	ရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိ
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

……

……

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	မြေဆီလွှာအချဉ်ပေါက်ခြင်း
အပင်မျိုးစိတ်များ	လတ်	ပိုးကျခြင်း
ရေအရင်းအမြစ်	နိမ့်	-
ငါးမျိုးကွဲများ	မြင့်	ဖမ်းဆီးမှုများခြင်း
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေဩဇာများအသုံးပြုမှု များပြားလာသဖြင့် မြေဆီလွှာအချဉ်ပေါက်ခြင်းများ ဖြစ်တတ်ပါသည်။ စပါးစိုက်ခင်းများမှာ ပိုးကျမှုအန္တရာယ်မှာမြင့်တက်လျက်ရှိနေပြီး ပိုးမွှားအန္တရာယ် ကာကွယ်နည်းစနစ်များ သိရှိပါက သီးနှံအထွက်နှုန်းတိုးတက်လာမည်ဖြစ်သည်။ မြေအောက်ရေ ထုတ်ယူသုံးစွဲမှုနှုန်းမှာမြင့်မားပါသည်။ တွင်းရေနှင့် ချောင်းရေအသုံးချမှုမှာ စိုက်ပျိုးရေးအတွက် အသုံးပြုမှုများပြားပါသည်။

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐	မရှိ ☐ Â
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ	ရှိ ☐ Â	မရှိ ☐

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
	ပါဝင်ဆောင်ရွက်မှု		

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစီမံခန့်ခွဲမှုတွင် အမျိုးသမီးများပါဝင်မှုနည်းပါးပါသည်။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများတွင်သာ ခေါင်းဆောင်မှုများပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်မှုအားနည်း ပါသည်။ အမျိုးသမီးများအနေဖြင့် ရပ်ရွာအတွင်း သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်မှုမှာ မြင့်မားပါသည်။

ဝက်ချောင်းကျေးရွာ၊ ဝက်ချောင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးညီအေး	ဦးကံကောင်း	၁၄/ကကန(နိုင်)၀၁၈၅၃၁	၆၆	ဥက္ကဋ္ဌ	၀၉-၇၇၂၇၅၇၀၂၅
၂	ဦးသိန်းဝင်း	ဦးအောင်ငွေ	၁၄/ကကန(နိုင်)၀၁၈၆၂၀	၅၅	အတွင်းရေးမှူး	၀၉-၇၉၄၅၁၁၇၆၈
၃	ဦးထွန်းလွင်	ဦးထွန်းသာ	၁၄/ကကန(နိုင်)၀၄၈၇၀၈	၅၅	စာရင်းကိုင်	၀၉-၇၉၀၁၆၃၃၀၅
၄	ဦးမြတ်စံ	ဦးအောင်သန်း	၁၄/ကကန(နိုင်)၀၁၈၆၂၆	၅၈	ဘဏ္ဍာရေးမှူး	၀၉-၇၉၆၂၉၂၇၆၃
၅	ဦးခင်စိုး	ဦးပုစိန်	၁၄/ကကန(နိုင်)၀၁၈၅၉၄	၅၇	သော့ကိုင်(၁)	၀၉-၇၈၁၉၅၂၇၈
၆	ဦးဌေးဝင်း	ဦးအုန်းကျစ်	၁၄/ကကန(နိုင်)၀၁၈၆၁၆	၅၈	သော့ကိုင်(၂)	-
၇	ဦးမြင့်သန်း	ဦးပေါ်	၁၄/ကကန(နိုင်)၀၆၂၈၇၁	၆၁	အဖွဲ့ဝင်	၀၉-၇၉၅၇၄၆၂၈
၈	ဦးမြင့်ဆိုင်	ဦးအုန်းဆိုင်	၁၄/ကကန(နိုင်)၀၇၄၉၈၆	၄၅	အဖွဲ့ဝင်	၀၉-၇၆၀၁၃၀၁၁၆
၉	ဦးနိုင်လင်းကို	ဦးဝင်းလှိုင်	၁၄/ကကန(နိုင်)၁၁၁၄၃၇	၂၉	အဖွဲ့ဝင်	၀၉-၇၇၅၁၇၉၆၆၁
၁၀	ဒေါ်နွယ်နီဦး	ဦးကြည်ဝင်း	၁၄/ကကန(နိုင်)၀၇၇၃၄၃	၃၇	အဖွဲ့ဝင်	-
၁၁	ဒေါ်သင်းသင်းမော်	ဦးဘင်ဂျမင်း	၁၄/ကကန(နိုင်)၀၁၈၄၈၆	၅၀	အဖွဲ့ဝင်	-
၁၂	ဒေါ်ယဉ်နွယ်မာ	ဦးဝင်းမြင့်	၁၄/ကကန(နိုင်)၀၇၆၃၃၁	၃၄	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ဝက်ချောင်းကျေးရွာ